
2 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၇)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အခြေအနေ (၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)




မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုအခြေအနေသည် စစ်အာဏာသိမ်းပြီးနောက်ပိုင်း အတက်အကျများစွာဖြင့် မတည်ငြိမ်မှုများ ဖြစ်နေသည်။ စစ်အာဏာမသိမ်းခင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပထမလေးလပတ်တွင် ကုန်သွယ်မှုတန်ဖိုး မြင့်တက်ခဲ့ပြီး ဇန်နဝါရီ၌ အမြင့်ဆုံး ဖြစ်ခဲ့သည်။ သို့သော် စစ်အာဏာသိမ်းသည့် ဖေဖော်ဝါရီတွင် စုစုပေါင်းကုန်သွယ်မှုပမာဏ **အမေရိကန်ဒေါ်လာသန်း ၁,၈၀၀ ကျော်** ကျဆင်းခဲ့သည်။ မတ်နှင့် မေတွင် ပြန်တက်ခဲ့သော်လည်း ဧပြီနှင့် ဇွန်တွင် ကျဆင်းမှုများဖြစ်ခဲ့သည်။ ယခင်လက ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၉** မှ အချက်အလက်များနှင့် နှိုင်းယှဉ်ပါက ဇွန်တွင် **အမေရိကန်ဒေါ်လာ ၃၈၅ သန်း ကျော်** ကျဆင်းခဲ့ပါသည်။ စစ်အာဏာသိမ်းပြီးနောက် ငါးလတာ ကုန်သွယ်မှုပမာဏသည် စစ်အာဏာမသိမ်းခင် လေးလအတွင်း ရှိခဲ့သော ပမာဏထက် **အမေရိကန်ဒေါ်လာ သန်း ၉၀ ကျော်** လျော့နည်းခဲ့သည်။


ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၇)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### ထိပ်တန်းကုန်သွယ်ဖက်ငါးနိုင်ငံနှင့် ကုန်သွယ်မှု နှိုင်းယှဉ်ချက်

၂၀၁၉-၂၀၂၀ (ဇွန်) နှင့် ၂၀၂၀-၂၀၂၁ (ဇွန်) ယာယီစာရင်းအား နှိုင်းယှဉ်ခြင်းဖြစ်ပါသည်




မြန်မာနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက် ငါးနိုင်ငံနှင့် ကုန်သွယ်မှုပမာဏကို **၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဇွန်အထိ) နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇွန်အထိ)** ယာယီစာရင်း ကာလတူအား နှိုင်းယှဉ်ရာတွင် အိန္ဒိယမှအပ ကျန်နိုင်ငံများ၏ ကုန်သွယ်မှု ကျဆင်းနေပါသည်။ အထူးသဖြင့် တရုတ်နှင့်ကုန်သွယ်မှုမှာလည်း ကျဆင်းလျက်ရှိကာ ယခင်ဘဏ္ဍာနှစ် (ကာလတူ) က **အမေရိကန်ဒေါ်လာ သန်း ၉,၂၀၀ နီးပါး**ရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ် (ကာလတူ) တွင် **အမေရိကန်ဒေါ်လာ သန်း ၈,၀၀၀ နီးပါး**သာ ကုန်သွယ်မှုလုပ်နိုင်ခဲ့သည်။ အလားတူ စင်ကာပူနှင့်ကုန်သွယ်မှု၌လည်း **အမေရိကန်ဒေါ်လာသန်း ၁,၀၀၀ ကျော်** လျော့နည်းခဲ့သည်။ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံ ငါးနိုင်ငံမဟုတ်သော ကျန်နိုင်ငံများနှင့် ကုန်သွယ်မှုတွင်လည်း **အမေရိကန်ဒေါ်လာသန်း ၂,၃၀၀ နီးပါး** ကျဆင်းခဲ့သည်။ ထူးခြားချက်အနေဖြင့် အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုတွင် **အမေရိကန် ဒေါ်လာ ၃၁ သန်းကျော်** တက်လာခဲ့သည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန


2 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၇)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### ပြည်ပကုန်သွယ်မှုပမာဏ ကာလတူနှိုင်းယှဉ်ချက်

၂၀၁၉-၂၀၂၀(ဇွန်) နှင့် ၂၀၂၀-၂၀၂၁(ဇွန်) ယာယီစာရင်းအား နှိုင်းယှဉ်ထားခြင်း ဖြစ်ပါသည်




ပြည်ပကုန်သွယ်မှုပမာဏကို **၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဇွန်အထိ)** **နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇွန်အထိ)** ယာယီ စာရင်း ကာလတူအား နှိုင်းယှဉ်ရာတွင် သိသိသာသာကျဆင်းခဲ့သည်ကို တွေ့ရှိရသည်။ ယခင်လက ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၉** မှ အချက်အလက်များနှင့် ချိန်ထိုးပါကလည်း သွင်းကုန်ပမာဏမှာ ပို့ကုန်ပမာဏ ထက် ကျဆင်းခဲ့သည်ကို တွေ့ရသည်။ ယခင်ဘဏ္ဍာနှစ် (ကာလတူ) တွင် သွင်းကုန်သည် ပို့ကုန်ထက် **အမေရိကန်ဒေါ်လာ သန်း ၁,၇၀၀ ကျော်** များခဲ့ပြီး၊ ယခုဘဏ္ဍာနှစ် (ကာလတူ) တွင်မူ ပို့ကုန်သည် သွင်းကုန်ထက် **အမေရိကန်ဒေါ်လာ သန်း ၃၇၀ ကျော်**များခဲ့ပါသည်။ ကုန်သွယ်မှုပမာဏ စုစုပေါင်းကိုနှိုင်းယှဉ်ရာ၌ ယခင်ဘဏ္ဍာနှစ်တွင် **အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံ ကျော်** ရှိခဲ့ပြီး၊ ယခုနှစ်တွင် **အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံကျော်**သာရှိသဖြင့် **အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော်** လျော့နည်းခဲ့သည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန


2 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၇)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### ■ ပြည်ပပို့ကုန် ကုန်စည်အုပ်စုအလိုက်တင်ပို့ခြင်း ကာလတူနှိုင်းယှဉ်ချက်

၂၀၁၉-၂၀၂၀(ဇွန်) နှင့် ၂၀၂၀-၂၀၂၁(ဇွန်) ယာယီစာရင်းအား နှိုင်းယှဉ်ထားခြင်း ဖြစ်ပါသည်




ပြည်ပပို့ကုန် ကုန်စည်များ အုပ်စုအလိုက်တင်ပို့ခြင်းကို **၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဇွန်အထိ)နှင့် ကာလတူ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇွန်အထိ) ယာယီစာရင်း**အား နှိုင်းယှဉ်ရာတွင် လယ်ယာထွက်ပစ္စည်းအုပ်စုမှအပ ကျန်အုပ်စုများတွင် ဆက်လက်လျော့ကျနေပါသည်။ ယခင်လကဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၉** မှ အချက်အလက်များနှင့် နှိုင်းယှဉ်ပါက စက်မှုကုန်ချောပစ္စည်းတင်ပို့နိုင်မှုသည် အများဆုံး ဆက်ဖြစ်နေပါသည်။ ပမာဏအားဖြင့်ကြည့်ပါက စက်မှုကုန်ချောပစ္စည်း တင်ပို့နိုင်မှုသည် ယခင်ဘဏ္ဍာနှစ် (ကာလတူ) တွင် **အမေရိကန်ဒေါ်လာ သန်း ၇,၀၀၀ နီးပါး**ဖြင့် အများဆုံးတင်ပို့နိုင်ခဲ့သည့်နည်းတူ၊ ယခု ဘဏ္ဍာနှစ် (ကာလတူ) ယာယီစာရင်း၌လည်း **အမေရိကန် ဒေါ်လာ သန်း ၅,၈၀၀ ကျော်**ဖြင့် အများဆုံးတင်ပို့ထားသည်။ သို့သော် ကုန်စည်အုပ်စုအားလုံး စုစုပေါင်း တင်ပို့မှုပမာဏကို နှိုင်းယှဉ်ရာ၌ ယခင်နှစ်ကထက် **အမေရိကန်ဒေါ်လာ သန်း ၁,၄၀၀ ကျော်** လျော့နည်းခဲ့ပါသည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန


2 November, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၇)

စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင်
ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### ပြည်ပသွင်းကုန် ကုန်စည်အုပ်စုအလိုက် တင်သွင်းခြင်း ကာလတူနှိုင်းယှဉ်ချက်

၂၀၁၉-၂၀၂၀(ဇွန်) နှင့် ၂၀၂၀-၂၀၂၁(ဇွန်) ယာယီစာရင်းအား နှိုင်းယှဉ်ထားခြင်း ဖြစ်ပါသည်




ပြည်ပသွင်းကုန် ကုန်စည်အုပ်စုအလိုက် တင်သွင်းခြင်းကို **၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဇွန်အထိ)နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇွန်အထိ) ယာယီစာရင်း**အား ကာလတူနှိုင်းယှဉ်ရာ၌ ကဏ္ဍသုံးရပ်စလုံးတွင် ဆက်လက်လျော့ကျနေဆဲ ဖြစ်ပါသည်။ ယခင်လက ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၉** မှ အချက်အလက်များနှင့် နှိုင်းယှဉ်ပါက (ကဏ္ဍသုံးရပ် ကုန်စည်တင်သွင်းမှု လျော့ကျခြင်း၌) ကွာဟချက် ကြီးကြီးမားမားမရှိသော်လည်း ဆက်လက်ကျဆင်းနေသည်။ ပမာဏအားဖြင့် ယခင်ဘဏ္ဍာနှစ်က **အမေရိကန်ဒေါ်လာ ၁၄,၈၉၁ ဒသမ ၆၇ သန်းကျော်** တင်သွင်းခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် **အမေရိကန်ဒေါ်လာ ၁၁,၃၁၇ ဒသမ ၄၁ သန်းသာ** တင်သွင်းနိုင်သဖြင့် **အမေရိကန်ဒေါ်လာ ၃,၅၇၄ ဒသမ ၂၆ သန်း** လျော့နည်းခဲ့ပါသည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

2 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၇)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### ■ အာဏာမသိမ်းမီ ငါးလနှင့် အာဏာသိမ်းပြီး ငါးလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများ၏ ကုန်သွယ်မှုပမာဏ နှိုင်းယှဉ်ချက်

| | နယ်စပ်ကုန်သွယ်ရေးစခန်းများ | အာဏာမသိမ်းမီ ငါးလ | အာဏာသိမ်းပြီး ငါးလ | တိုး/လျော့ |
|---|---|---|---|---|
| တရုတ် | မူဆယ် | ၂,၄၃၉.၀၉၇ | ၁,၄၅၃.၁၄ | - ၉၈၅.၉၅၇ ▼ |
| | လွယ်ဂျယ် | ၁၁၃.၀၁၇ | ၁၀၁.၁၇၄ | - ၁၁.၈၄၃ ▼ |
| | ချင်းရွှေဟော် | ၂၆၁.၉၉၁ | ၂၀၉.၂၆၅ | - ၅၂.၇၂၆ ▼ |
| | ကန်ပိုက်တီ | ၁၆၇.၀၃၇ | ၁၀၁.၅၈၆ | - ၆၅.၄၅၁ ▼ |
| | ကျိုင်းတုံ | ၄.၉၄၄ | ၅.၄၉၈ | + ၀.၅၅၄ ▲ |
| ထိုင်း | တာချီလိတ် | ၁၂၂.၄၅၈ | ၉၆.၈၉၈ | - ၂၅.၅၆ ▼ |
| | မြဝတီ | ၄၈၀.၂၃၆ | ၉၃၇.၈၁၅ | + ၄၅၇.၅၇၉ ▲ |
| | ကော့သောင်း | ၁၄၄.၂၈၁ | ၁၂၀.၅၉၇ | - ၂၃.၆၈၄ ▼ |
| | မြိတ် | ၅၈.၃၉၂ | ၄၄.၅၅၉ | - ၁၃.၈၃၃ ▼ |
| | နဘုလယ်/ထီးခီး | ၆၄၄.၇၈၃ | ၇၁၃.၄၃၅ | + ၆၈.၆၅၂ ▲ |
| | မောတောင် | ၈.၁၂၉ | ၆.၁၆၉ | - ၁.၉၆ ▼ |
| | မယ်စဲ့ | N.A. | N.A. | |
| ဘင်္ဂလားဒေ့ရှ် | စစ်တွေ | ၃၇၀.၁၆ | ၂၃၀.၉၇၄ | - ၁၃၉.၁၈၆ ▼ |
| | မောင်တော | N.A. | ၃.၉၃၆ | |
| အိန္ဒိယ | တမူး | ၂၆.၀၈၆ | ၈.၆၈၈ | - ၁၇.၃၉၈ ▼ |
| | ရိဒ် | ၈၉.၆၄၅ | ၇၂.၇၀၇ | - ၁၆.၉၃၈ ▼ |
| | ထန်တလန် | N.A. | N.A. | |
| လာအို | ကျိုင်းလပ် | N.A. | N.A. | |

အမေရိကန်ဒေါ်လာ (သန်း)

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန


2 November, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၇)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ၁၅ နိုင်ငံ

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်




၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအချက်အလက်များအရ မြန်မာနိုင်ငံသည် **နိုင်ငံနှင့် ဒေသပေါင်း ၂၃၆ ခု**နှင့် ကုန်သွယ်မှု ပြုလုပ်နေပြီး ကုန်သွယ်မှုပမာဏတန်ဖိုးစုစုပေါင်း **အမေရိကန်ဒေါ်လာ ၃၆,၇၃၂ သန်းခန့်**ရှိသည်။ ထိုအထဲမှ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏမှာ **မြန်မာ့နိုင်ငံခြားကုန်သွယ်မှုစုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းခန့်** ရှိပါသည်။ တရုတ်နိုင်ငံမှာ မြန်မာနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာ့နိုင်ငံခြားကုန်သွယ်မှု **စုစုပေါင်းတန်ဖိုး၏ သုံးပုံတပုံခန့်** ရှိသည်။ အဆိုပါပမာဏသည် ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်ဖြစ်သော ထိုင်းနိုင်ငံထက် နှစ်ဆကျော်ပိုများပြီး၊ တတိယနေရာတွင်ရှိနေသော စင်ကာပူထက် သုံးဆကျော် ပိုများပါသည်။ အမေရိကန်နှင့်ကုန်သွယ်မှုမှာ **အမေရိကန်ဒေါ်လာ သန်း ၁,၃၀၀ ကျော်**သာ ရှိပြီး၊ ဂျာမနီ၊ စပိန်၊ ဗြိတိန်၊ နယ်သာလန်၊ ပြင်သစ် အစရှိသောနိုင်ငံများနှင့် တနိုင်ငံချင်း ကုန်သွယ်မှု တန်ဖိုးမှာ **အမေရိကန်ဒေါ်လာ သန်း ၁,၀၀၀ အောက်**သာ ရှိသည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန


2 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၇)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### စုစုပေါင်းကုန်သွယ်မှုအား တရုတ်၏ကုန်သွယ်မှုနှင့် နှိုင်းယှဉ်ချက်

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်




တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတန်ဖိုးသည် စုစုပေါင်းကုန်သွယ်မှု၏ သုံးပုံတပုံကျော်ပမာဏဖြင့် ဆက်ရှိနေပါသည်။ ယခင်လက ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၉** မှ အချက်အလက်များနှင့် နှိုင်းယှဉ်ပါက စုစုပေါင်း ကုန်သွယ်မှုတွင်သာမက၊ တရုတ်နှင့်ကုန်သွယ်မှုတွင်ပါ အနည်းငယ် ပြန်လည် ကျဆင်းသွားသည်ကို တွေ့ရသည်။ ဇန်နဝါရီတွင် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး **အမေရိကန်ဒေါ်လာ သန်း ၃,၆၀၀ ကျော်**ရှိပြီး တရုတ်နှင့်ကုန်သွယ်မှုမှာ **အမေရိကန်ဒေါ်လာ သန်း ၁,၂၀၀ ကျော်** ရှိခဲ့သည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဖေဖော်ဝါရီမှစ၍ စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှုအပြင် တရုတ်နှင့်ကုန်သွယ်မှုပါ ထက်ဝက်နီးပါး ကျဆင်းခဲ့သည်။ မေတွင် အမြင့်ဆုံးအနေဖြင့် **အမေရိကန်ဒေါ်လာသန်း ၁,၁၀၀ ကျော်**သို့ ရောက်ရှိခဲ့သော်လည်း ဇွန်တွင် **အမေရိကန်ဒေါ်လာသန်း ၆၅၀ ကျော်**အထိ ထက်ဝက်နီးပါး ပြန်လည်ကျဆင်းသွားခဲ့သည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန


2 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၇)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### မြန်မာ-တရုတ် ပင်လယ်ရေကြောင်း၊ နယ်စပ်ကုန်သွယ်မှု အခြေအနေ

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်




မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်သော တရုတ်နိုင်ငံနှင့် ပင်လယ်ရေကြောင်းကုန်သွယ်မှု၊ နယ်စပ်ကုန်သွယ်မှုသည် အာဏာသိမ်းပြီးနောက်ပိုင်း သိသိသာသာကျဆင်းခဲ့ရာမှ မေတွင် ပြန်တက်ခဲ့သော်လည်း ဇွန်တွင် ပြန်လည် ကျဆင်းသွားသည်။ ထို့ကြောင့် စစ်အာဏာမသိမ်းခင် ဇန်နဝါရီက ရှိခဲ့သော ပမာဏသို့ ပြန်ရောက်ခြင်းမရှိသေးသည်ကို တွေ့ရပါသည်။ ယခင်လက ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၉** မှ အချက်အလက်များနှင့် နှိုင်းယှဉ်ပါက မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုသည် အာဏာသိမ်းပြီးနောက် အမြင့်ဆုံးအနေဖြင့် ပြီးခဲ့သည့်မေတွင် **အမေရိကန်ဒေါ်လာ ၇၇၉ သန်း**အထိ တက်သွားခဲ့ရာမှ ဇွန်တွင် **အမေရိကန်ဒေါ်လာ ၂၁၅ သန်း**အထိ ပြန်လည်ကျဆင်းသွားခဲ့ပါသည်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုတွင်မူ အာဏာသိမ်းပြီးနောက်ပိုင်း အမြင့်ဆုံးအနေဖြင့် **အမေရိကန်ဒေါ်လာ သန်း ၄၄၀ ကျော်**အထိ ရောက်လာခဲ့သည်။


ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၇)

စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင်
ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### မြန်မာ-တရုတ် ပို့ကုန်၊ သွင်းကုန် ကုန်သွယ်မှု အခြေအနေ

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်




စစ်အာဏာမသိမ်းခင်နှင့် အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ် ပို့ကုန်၊သွင်းကုန် အခြေအနေကိုကြည့်ပါက အာဏာသိမ်းပြီးနောက်ပိုင်း သိသိသာသာကျဆင်းခဲ့သည်။ မေတွင် ပြန်တက်လာခဲ့သော်လည်း စစ်အာဏာမသိမ်းခင် ဇန်နဝါရီကရှိခဲ့သောပမာဏသို့ ပြန်ရောက်ခြင်းမရှိသေးပေ။ ဇွန်တွင်မူ အာဏာသိမ်းပြီးစ အခြေအနေ ဖေဖော်ဝါရီတွင် ဖြစ်ခဲ့သည့်အတိုင်း ရုတ်တရက် ပြန်လည်ကျဆင်းခဲ့သည်။ ယခင်လက ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၉** မှ အချက်အလက်များနှင့် နှိုင်းယှဉ်ပါက တရုတ်နှင့် ကုန်သွယ်မှုတန်ဖိုး စုစုပေါင်းသည် မေတွင် **အမေရိကန်ဒေါ်လာ ၁,၁၃၁ ဒသမ ၄၈၃ သန်း**ရှိခဲ့ရာမှ ဇွန်တွင် **အမေရိကန်ဒေါ်လာသန်း ၆၅၀ ကျော်**အထိ ကျဆင်းသွားခဲ့သည်။ ထို့အတူ ပို့ကုန်တင်ပို့မှုတွင် **အမေရိကန်ဒေါ်လာ ၄၄ သန်းကျော်** ကျဆင်းခဲ့ပြီး သွင်းကုန်တင်သွင်းမှုတွင် **အမေရိကန်ဒေါ်လာသန်း ၄၃၀ ကျော်** ကျဆင်းခဲ့ပါသည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

2 November, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၇)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### မြန်မာ-တရုတ် ကုန်သွယ်ရေးနှင့် သိသင့်သော အကြောင်းအချက်တချို့

(၂၀၂၁ ခုနှစ် ဧပြီမှ ဇွန်အတွင်း ဖြစ်ပွားခဲ့သော ကိစ္စရပ်များအား ဖော်ပြခြင်းဖြစ်ပါသည်)

**ဧပြီ ၂၀၂၁**

တရုတ်နိုင်ငံအတွင်းသို့ မြန်မာဘက်မှဝင်မည့် ကုန်တင်ယာဉ်များကို ကိုဗစ်-၁၉ စစ်ဆေးမှုအတွက် တရုတ်ယွမ်ငွေ ၁,၈၀၀ မှ ၂,၁၀၀ ကျော်အထိ တိုးမြှင့်သတ်မှတ်မည်ဟု ယူနန်ပြည်နယ်၊ ကျန်းမာရေးတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်ကြောင့် ဧပြီလလယ်ပိုင်းတွင် တာရှည်အထားမခံသော အသီးအနှံများမှလွဲ၍ ဆန်နှင့် အခြားကုန်ပစ္စည်းများအားလုံးကို မြန်မာဘက်မှတင်ပို့ခြင်း ရပ်တန့်လုနီးပါး ဖြစ်သွားသည်။ ထို့အတူ တရုတ်ဘက်မှ ကုန်စည်များလည်း မြန်မာနိုင်ငံထဲဝင်ရောက်မှု ရပ်တန့်သွားသည်။ တချိန်တည်းမှာပင် မူဆယ်မြို့ရှိ နယ်စပ်ဂိတ်များအနီးတွင် ပေါက်ကွဲမှု သုံးကြိမ်ထက်မနည်းဖြစ်ခဲ့ပြီး လုံခြုံရေး အခြေအနေအရ နယ်စပ် ကုန်သွယ်မှုများ ရပ်သလောက်နီးပါး ဖြစ်ခဲ့သည်။

**မေ ၂၀၂၁**

ဧပြီတွင်းက နယ်စပ်တွင်စုပုံနေသော ကုန်စည်များကို (တင်းကျပ်သောစည်းကမ်းများဖြင့်) ကျင်စန်းကျော့နှင့် ကြူကုတ်-ပန်ဆိုင်းဂိတ်များမှ တင်သွင်းရန် တရုတ်ဘက်က လက်ခံခဲ့သဖြင့် ပို့ကုန်တန်ဖိုးပြန်မြင့်တက်ခဲ့သည်။ နယ်စပ်တွင် ကုန်စည်စီးဆင်းမှုများ ပြန်လည်ချောမွေ့ခဲ့သော်လည်း သွင်းကုန်တင်သွင်းမှုသာ အများစုဖြစ်ခဲ့သည်။ တရုတ်-မြန်မာနယ်စပ်၌ တိုက်ပွဲများ ငြိမ်သက်ခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ သက်ရောက်မှုလည်း နည်းပါးခဲ့သည်။

**ဇွန် ၂၀၂၁**

မြန်မာနိုင်ငံတွင် ကိုဗစ်တတိယလှိုင်း ရောဂါကူးစက်မှုများ မြင့်တက်လာခဲ့သည်။ ထိုအချက်ကို အကြောင်းပြ၍ (ကျင်စန်းကျော့ဂိတ်တခုမှလွဲ၍) မူဆယ်နယ်စပ်ဂိတ် ကို တရုတ်ဘက်က ပိတ်လိုက်သည်။ တရုတ်နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများကို သတင်းပေးမည်ဆိုပါက ယွမ်ငွေ ၂၀,၀၀၀ (မြန်မာငွေ သိန်း ၅၀ ခန့်) ပေးမည်ဟု ဆုကြေးထုတ်ခဲ့သည်။ သို့သော် ချင်းရွှေဟော်ဘက်တွင် တရုတ်ဘက်က ကုန်စည်များ ဝင်ထွက်ခွင့်ရနေသဖြင့် မြန်မာကုန်သည်များက အပြင်းအထန်ဝေဖန်ခဲ့သည်။ အကျိုးဆက်အားဖြင့် လမ်းကြောင်းသစ်အဖြစ် လွယ်ဂျယ်နယ်စပ်ဂိတ်မှ ဆန်တင်ပို့မှုများကို ပြောင်းလဲလုပ်ဆောင်ခဲ့ရသည်ဟူသော သတင်းဖော်ပြချက်များ ရှိခဲ့သည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန